## ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်အောင် အဓိကရံပုံငွေ ထောက်ပံ့ပေးခဲ့သော အန်အီးဒီ (National Endowment for Democracy) နှင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားဗျူရို (Department of State's Bureau for Democracy, Human Rights and Labor) အား အထူးကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရန် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို ပေးသော ကိုအောင်မိုးဇော် (လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ)၊ ကိုတိုးကျော်လှိုင်၊ ကိုစိုးမြတ်သူ၊ ကိုဘိုကြည် (အေအေပီပီ) နှင့် ကိုဇော်မိုး (အေအေပီပီ)၊ ပိုင်းဂန်း တည်းဖြတ်ပေးသော ကိုအောင်မျိုးကျော် (အေအေပီပီ)၊ ကိုမိုးကျော် (အေအေပီပီ) နှင့် မလှိုင်လှိုင်မြင့် (အေအေပီပီ)၊ အဖက်ဖက်မှ ပါဂင်ကူညီဆောင်ရွက်ပေးပါသော အေအေပီပီအဖွဲ့သားများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

## Acknowledgements

This book was made possible with the generous funding and support of the National Endowment for Democracy and the United States Department of State’s Bureau for Democracy, Human Rights and Labor.

Our thanks go to Ko Aung Myo Zaw (Democratic Party for a New Society), Ko Toe Kyaw Hlaing, Ko Soe Myat Thu, Ko Bo Kyi (AAPP) and Ko Zaw Moe who translated the Burmese version of this book. We extend our thanks to the efforts to the AAPP staffs involved in this book and assisting with editing including Ko Aung Myo Kyaw, Ko Moe Kyaw and Ma Hlaing Hlaing Myint.

# အမှာစာ

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများသည် နေရာအနှံ့အပြားတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်လာခဲ့ပေသည်။ လူလူချင်းအနိုင်ကျင့် ညှဉ်းပန်း နှိပ်စက်မှုများသည် အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုတွင် ပါဝင်နေပါသည်။ ထိုသို့ ဖြစ်နေရခြင်းမှာ တိုင်းပြည်နိုင်ငံရေး မတည်ငြိမ်မှု၊ ပြည်တွင်း ပဋိပက္ခများမှ အစပြု၍ ပြည်တွင်းစစ်များ ဖြစ်နေခြင်းသည် အခြေခံအကြောင်းတရားများပင် ဖြစ်သည်။

ထိုညှဉ်းပန်းနှိပ်စက်မှုများအား လက်နက်ကိုင်အင်အားစုများ၊ ဥစ္စာဓနအင်အားကြီးသူများ၊ အာဏာရှိသူများမှ အများဆုံး ကျူးလွန်ခဲ့ကြ ပေသည်။ တဆက်တည်းတွင် ကျူးလွန်သူများကို ပြစ်ဒဏ် ပေးခြင်းမှ ကင်းလွတ်ခွင့် ရစေခြင်းမှာလည်း ဆက်လက်ကျူးလွန်ရန် တွန်းအားပေးသလို ဖြစ်စေခဲ့ ပါသည်။ အကျိုးဆက်အားဖြင့် အမုန်းတရားများ၊ အာဃာတ တရားများ၊ လက်တုန့်ပြန်လိုမှုများ ပိုမိုလာစေ ခဲ့ပါသည်။

ယနေ့အချိန်ကာလသည် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးအတွက် အဖက်ဖက်မှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပန်း ဆောင်ရွက်နေသော အချိန်ကာလပင်ဖြစ်သည်။ ထိုသို့သော အခြေအနေတွင် ညှဉ်းပန်း နှိပ်စက်မှုများအား ဟန့်တားနိုင်ရန်၊ ကာကွယ်နိုင်ရန် အထူး အားထုတ်ရန် အရေးတကြီး လိုအပ်နေပေသည်။ သို့မှသာ ကျူးလွန်ခံရသူများ၏ ဝေဒနာများ၊ အမုန်းများ၊ အငြိုးများကို ကုစားပေးနိုင်မည်သာ ဖြစ်သည်။

ထိုသို့သော ညှင်းပန်းနှိပ်စက်မှုများကို ကာကွယ်၊ ကုစားနိုင်ရန်အတွက် ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး` သဘောတူစာချုပ် (United Nation Convention Against Torture- UNCAT) အား လက်မှတ်ရေးထိုးရန် အတွက် မဖြစ်မနေလိုအပ်နေသော ကာလပင် ဖြစ်သည်။

UNCAT သည် အစိုးရအား ညှဉ်းပန်းနှိပ်စက်မှုကို ထိရောက်စွာ ပိတ်ပင်နိုင်ရန်အတွက် အသေးစိတ်ပြင်ဆင်ချက်များ၊ တားဆီးခြင်းများကို လုပ်ဆောင်နိုင်ရန်အတွက် များစွာအထောက်အကူ ပြုမည်ဖြစ်သည်။

UNCAT အား အစိုးရမှ လက်မှတ်ရေးထိုးရန်အတွက် ပြီးခဲ့သည့် လွှတ်တော်သက်တမ်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို (လက်ရှိ မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်)မှ အဆိုတင်သွင်းရာ လွှတ်တော်မှ ထောက်ခံအတည်ပြုပေးခဲ့ပြီး သမ္မတဦးသိန်းစိန် အစိုးရမှလည်း လက်မှတ်ရေးထိုးမည်ဟု ထုတ်ပြန် ပြောဆိုခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း သမ္မတ ဦးသိန်းစိန်အစိုးရအနေဖြင့် အစိုးရသက်တမ်းကုန်ဆုံးသည်အထိ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါ။

ထို့ကြောင့် လက်ရှိမြန်မာနိုင်ငံ၏ အစိုးရအသစ်အနေဖြင့် ထိုစာချုပ် လက်မှတ်ထိုးနိုင်ရေးအား အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

ဤသဘောတူစာချုပ်တွင်ပါရှိသော နှုန်းစံများကို လက်ခံခြင်းသည် အစိုးရအား လူ့အခွင့် အရေးကို အထူးအလေးထားကြောင်း ယုံကြည်မှုရရှိစေခြင်းအပြင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ကောင်းမွန်သော အုပ်ချုပ်ရေးစံနစ်ဖြစ်ရန်အတွက် များစွာ

အထောက်အကူဖြစ်မည်ဖြစ်ပြီး ဒီမိုကရေစီရေး၊ လုံခြုံရေးကိုလည်း ကောင်းစွာ ဖြစ်ထွန်း စေမည်ဖြစ်သည်။ UNCAT သည် ကျူးလွန်သူများအား ဟန့်တားနိုင်ရေးအတွက် ဥပဒေကြောင်းအရ အထောက်အကူများ ပြင်ဆင်ပံ့ပိုးပေးမှု ပါဝင်ပါသည်။ ထို့အပြင် ကျူးလွန်ခံရသူများအား လုံလောက်မျှတသည့် အစားထိုး ပြင်ဆင်မှုများ၊ ကုစားမှုများ ရရှိလာရန် အတွက်လည်း အထောက်အကူ ပြုထား ပါသည်။ အချုပ်အားဖြင့် UNCAT ကို လက်မှတ်ထိုး၊ လိုက်နာခြင်းအားဖြင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြား ရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံပြုမူမှုများ ဟန့်တားနိုင်ရေးအတွက် ထိရောက်၍ အရေးပါသော လမ်းညွှန်ချက်များကို အကောင်အထည်ဖော်မည် ဖြစ်ပေသည်။

ထို့ကြောင့် အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် အလို့ငှာ ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး သဘောတူစာချုပ် ( United Nation Convention Against Torture-UNCAT) အား လက်မှတ်ရေးထိုးနိုင်ရန်အတွက် သက်ဆိုင်သူအားလုံးအား အထောက် အကူပြုနိုင်ရန်ရည်ရွယ်၍ မိမိတို့ နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက် ရေးအသင်းမှ ထိုစာချုပ်အား မြန်မာဘာသာသို့ ပြန်ဆို၍ ထုတ်ဝေဖြန့်ချိ လိုက်ပါသည်။

# ညှဉ်းပန်းနှိပ်စက်မှုနှင့်အခြားရက်စက်၍လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဆန့်ကျင်ရေး နိုင်ငံတကာသဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၃၉/၄၆ ဖြင့် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုခဲ့ပြီး သဘောတူလက်မှတ်ရေးထိုးရန်၊ အတည်ပြုချုပ်ဆိုရန်နှင့် ထပ်တိုးအဖွဲ့ဝင်အဖြစ် လက်မှတ် ရေးထိုးရန် ထိုနေ့မှ စတင်ခွင့်ပြုခဲ့သည်။ အပိုဒ် ၂၇ (၁) အရ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် စာချုပ်စတင် အသက်ဝင်သည်။

ဤသဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံများသည် ---

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ထုတ်ပြန်ကြေညာထားသည့် မူဂါဒများအရ သော်လည်းကောင်း၊ လူသားအားလုံး တွင်ရှိ သည့် ငြင်းပယ်၍ မရသော တူညီမျှတသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ကမ္ဘာတစ်ဝန်း လွတ်လပ်ခြင်း၊ တရားမျှတခြင်း နှင့် ငြိမ်းချမ်းခြင်းတို့၏ အခြေခံအုတ်မြစ် ဖြစ်သည်ဟု ခံယူ၍သော်လည်းကောင်း၊

ထိုအခွင့်အရေးများသည် လူသားတစ်ဦး၏ မွေးရာပါလူ့ဂုဏ်သိက္ခာမှ ဆင်းသက်လာသည်ကို အသိအမှတ်ပြု၍သော် လည်းကောင်း၊

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လူသားတိုင်း လေးစားလိုက်နာရေးနှင့် အသိအမှတ်ပြု ရေးတို့ကို မြှင့်တင်ပေးရန် အစိုးရများတွင် တာဝန်ရှိသည်ဆိုသည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ် ၅၅ အရ သော်လည်းကောင်း၊

မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုမရှိစေရဟု ပြဋ္ဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၅ နှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် အပိုဒ် ၇ တို့ကို လေးစားလိုက်နာ၍သော်လည်းကောင်း၊

၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အတည်ပြုခဲ့သည့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုမှ လူသားအားလုံးအား အကာအကွယ်ပေးရေး ကြေညာချက်ကို လေးစားလိုက်နာ၍သော်လည်းကောင်း၊

ကမ္ဘာတစ်ဝန်းလုံးတွင် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဆန့်ကျင်ရေးလှုပ်ရှားမှုကို ပိုမိုထိရောက်စေလိုသော ဆန္ဒဖြင့် သော်လည်းကောင်း၊

အောက်ပါအတိုင်း သဘောတူကြပါသည်။

## အပိုင်း ၁

## အပိုဒ် ၁

၁။ ဤသဘောတူစာချုပ်တွင် ရည်ညွှန်းထားသော ညှဉ်းပန်းနှိပ်စက်မှု ဆိုသည်မှာ

"လူတစ်ဦးတစ်ယောက်သို့မဟုတ် အခြားသူတစ်ဦးထံမှသတင်းရယူရန် သို့မဟုတ် ဖြောင့်ချက်ရယူရန် သို့မဟုတ် လူတစ်ဦးတစ်ယောက်သို့မဟုတ် အခြားသူမှ ကျူးလွန်သော သို့မဟုတ် ကျူးလွန်သည်ဟု သံသယရှိသော လုပ်ရပ်အတွက် အပြစ်ပေးခြင်း၊ထိုသူ သို့မဟုတ် အခြားသူအား ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ သို့မဟုတ် ခွဲခြား ဆက်ဆံမှု တစ်ရပ်ရပ်ကို အခြေခံသော အကြောင်းတစ်စုံတစ်ရာ ကြောင့် ပြင်းထန်သော ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာကျင်မှု သို့မဟုတ် ခံစားရမှုများကို နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ထိုသို့လုပ်ပိုင်ခွင့်ရှိသူ ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏တိုက်တွန်းချက် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့်ဖြစ်စေ ရည်ရွယ်ချက်ရှိရှိ ဖြင့်ကျူးလွန်ခြင်းကို ဆိုလိုသည်။ ၎င်းတို့တွင်မွေးရာပါ သို့မဟုတ် ဥပဒေနှင့်အညီ အရေးယူမှုများ ကြောင့်ဖြစ်သော နာကျင်မှု သို့မဟုတ် ခံစားရမှုများသာလျှင်အကျုံးမဝင်ပါ။"

၂။ ဤအပိုဒ်သည် နိုင်ငံတကာဥပဒေ သို့မဟုတ် ပြည်တွင်းဥပဒေ တစ်ရပ်ရပ်တွင် ပါဝင်သော သို့မဟုတ် ပါဝင်နိုင်သော ပိုမိုကျယ်ပြန့်စွာ ကျင့်သုံးသည့် ပြဋ္ဌာန်းချက်များအပေါ် လွှမ်းမိုး သက်ရောက်ခြင်း မရှိစေရ။

## အပိုဒ် ၂

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ စီရင်ပိုင်ခွင့်အောက်ရှိ မည်သည့်နေရာဒေသတွင်မဆို ညှဉ်းပန်းနှိပ်စက်ခြင်းကို ကာကွယ်တားဆီးရန် ထိရောက်သည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး သို့မဟုတ် အခြားသော အစီအမံများ ထားရှိဆောင်ရွက်ရမည်။

၂။ စစ်မက်ဖြစ်ပွားနေခြင်းကြောင့်ဖြစ်စေ သို့မဟုတ် စစ်မက်ဖြစ်နိုင်သည့် ခြိမ်းခြောက်မှုကြောင့်ဖြစ်စေ သို့မဟုတ် ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုကြောင့်ဖြစ်စေ သို့မဟုတ် အခြားအရေးပေါ်အခြေအနေတစ်ရပ်ရပ်တွင်ဖြစ်စေ မည်သည့် အခြေအနေမျိုးတွင်မှ ညှဉ်းပန်းနှိပ်စက်မှုကို မကျင့်သုံးရ။

၃။ အထက်အမိန့်အရ သို့မဟုတ် တာဝန်ရှိသူတစ်ဦး၏ ညွှန်ကြားချက်ဟု အကြောင်းပြ၍ ညှဉ်းပန်း နှိပ်စက်ခြင်း မပြုရ။

## အပိုဒ် ၃

၁။ လူတစ်ဦးတစ်ယောက်သည် အခြားနိုင်ငံတစ်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက် ခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု ယုံကြည်ရန် ခိုင်လုံသော အခြေအနေများရှိပါက မည်သည့်စာချုပ်အဖွဲ့ဝင် နိုင်ငံကမျှ ထိုသူအား နိုင်ငံမှနှင်ထုတ်ခြင်း၊ အတင်းအကျပ် ပြန်ပို့ခြင်း သို့မဟုတ် လွှဲအပ်ခြင်း မပြုရ။

၂။ ထိုသို့သောအခြေအနေများ ရှိမရှိ သတ်မှတ်ဆုံးဖြတ်နိုင်ရန်အတွက် အခွင့်အာဏာရှိသူများ အနေဖြင့် ဖြစ်နိုင်လျှင် သက်ဆိုင်ရာနိုင်ငံတွင် အမြဲတစေ ပုံသဏ္ဍာန်ဖြင့် ဆိုးဆိုးရွားရွား၊ မြင်သာထင်သာ သို့မဟုတ် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိမရှိ အပါအဝင် ဆက်စပ်နေသည်များ အားလုံးကို ထည့်သွင်းစဉ်းစားရမည်။

## အပိုဒ် ၄

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ညှဉ်းပန်းနှိပ်စက်သည့် လုပ်ရပ်များ အားလုံးအား ၎င်း၏ရာဇဝတ် ဥပဒေအရ ပြစ်မှုမြောက်ကြောင်း သတ်မှတ်ရမည်။ ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ရန် အားထုတ်ခြင်းနှင့် ညှဉ်းပန်း နှိပ်စက်မှုတွင် ကြံရာပါဖြစ်သည့် သို့မဟုတ် ပါဝင်သည့် မည်သူမဆို၏ လုပ်ရပ်ကိုလည်း အလားတူ သတ်မှတ်ရမည်။

၂။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤပြစ်မှုများကို ၎င်းတို့၏ နက်ရှိုင်း သော သဘောသဘာဝကို ထည့်သွင်းစဉ်းစားပြီး သင့်တော်သော ပြစ်ဒဏ် များဖြင့် အပြစ်ပေးနိုင်စေရန် ဆောင်ရွက်ရမည်။

**အပိုဒ် ၅**

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် အောက်ပါဖြစ်ရပ်များအတွက် အပိုဒ် ၄ တွင် ရည်ညွှန်းထားသည့် ပြစ်ဒဏ်များအပေါ် ၎င်း၏ စီရင် ဆုံးဖြတ်ခွင့် ရရှိနိုင်ရန် လိုအပ်ပါက ထိုသို့သောအစီအမံများ ချမှတ် ဆောင်ရွက်ရမည်။

(က) ၎င်း၏ တရားစီရင်ပိုင်ခွင့်အောက်ရှိ မည်သည့်နေရာ တွင်မဆို သို့မဟုတ် ထိုနိုင်ငံတွင် မှတ်ပုံတင်ထားသော သင်္ဘောတစ်စီး သို့မဟုတ် လေယာဉ်တစ်စီးပေါ်တွင် ဤပြစ်မှုများကို ကျူးလွန်သောအခါ၊

(ခ) ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူသည် ထိုနိုင်ငံ၏ နိုင်ငံသား တစ်ဦးဖြစ်သောအခါ၊

(ဂ) ပြစ်မှုကျူးလွန်ခံရသူသည် ထိုနိုင်ငံသားဖြစ်ပြီး၊ ဤသည်ကို အရေးယူဆောင်ရွက်သင့်သည်ဟု ထိုနိုင်ငံက ယူဆလျှင်၊

၂။ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူသည် ၎င်း၏တရားစီရင် ပိုင်ခွင့်အောက်ရှိ နေရာဒေသတစ်ခုခုတွင် ရှိနေပြီး၊ အပိုဒ် ၈၊ ပိုဒ်ခွဲ (၁) တွင် ဖော်ပြထားသည့်အတိုင်း ထိုသူအား မည်သည့်နိုင်ငံကိုမျှ မလွှဲအပ် သည့်ဖြစ်ရပ်များတွင် ဤသို့သော ပြစ်မှုများအပေါ် ၎င်း၏ တရားစီရင်ပိုင်ခွင့် ရရှိနိုင်ရန် လိုအပ်ပါက စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ထိုသို့သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၃။ ဤသဘောတူညီချက်သည် ပြည်တွင်းဥပဒေအရ ကျင့်သုံးသော မည်သည့်ရာဇဝတ်တရားစီရင် ပိုင်ခွင့်ကိုမှ ပစ်ပယ်ထားခြင်း မရှိပါ။

## အပိုဒ် ၆

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ တရားစီရင်ခွင့်ပိုင်နက်နယ်မြေထဲတွင် အပိုဒ် ၄ ၌ ဖော်ပြထားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသူရှိနေပါက ထိုအကြောင်းအရာနှင့် ပတ်သက်၍ ရနိုင်သမျှ အချက်အလက် များကို စစ်ဆေးပြီးနောက် အခြေအနေ အကျိုးအကြောင်း ခိုင်လုံသည်ဟု ကျေနပ်ယုံကြည်ပါက ထိုသူအား ထိန်းသိမ်းရမည် သို့မဟုတ် ထိုသူ ရှိနေစေရန် အာမခံသည့် အခြားဥပဒေကြောင်းဆိုင်ရာ အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။ ထိုသို့ ထိန်းသိမ်းခြင်းနှင့် ဥပဒေကြောင်းအရ စီမံမှုများသည် သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဖြစ်ရမည်။ သို့သော် ၎င်းတို့ကို ရာဇဝတ်တရားစီရင်နိုင်ရေး သို့မဟုတ် ပြန်လည်လွှဲအပ်နိုင်ရေးအတွက် လိုအပ်သည့် အချိန်အထိသာ ဆက်လက်ပြုလုပ်နိုင်သည်။

၂။ ထိုနိုင်ငံသည် ဤအချက်အလက်များအပေါ်ကနဦး စုံစမ်းစစ်ဆေးမှု ချက်ချင်းပြုလုပ်ရမည်။

၃။ ဤအပိုဒ်၏ ပိုဒ်ခွဲ ၁ အရ ထိန်းသိမ်းခံရသူ မည်သူ့ကိုမဆို ၎င်းနိုင်ငံသားဖြစ်သော နိုင်ငံ၏ အနီးဆုံးသင့်တော်ရာ ကိုယ်စားလှယ် သို့မဟုတ် ထိုသူသည် နိုင်ငံမဲ့သူဖြစ်ပါက ၎င်းအမြဲနေထိုင်ရာ နိုင်ငံ၏ ကိုယ်စားလှယ်နှင့် ချက်ချင်း ဆက်သွယ်နိုင်ရန် ကူညီရမည်။

၄။ ဤအပိုဒ်အရ နိုင်ငံတစ်နိုင်ငံသည် လူပုဂ္ဂိုလ်တစ်ဦးဦးကို ထိန်းသိမ်းပြီးသောအခါ အပိုဒ် ၅၊ ပိုဒ်ခွဲ ၁ တွင် ညွှန်းဆိုထားသည့် နိုင်ငံများသို့ ထိုသူအား ထိန်းသိမ်းထားကြောင်းနှင့် မည်သည့်အတွက် ထိန်းသိမ်းထားသည်ဆိုသည့် အခြေအနေများကို ချက်ချင်း အကြောင်းကြားရမည်။ ဤအပိုဒ်၏ ပိုဒ်ခွဲ ၂ တွင် ဖော်ပြထားသည့်ကနဦးစုံစမ်းစစ်ဆေးမှုကို ပြုလုပ်သောနိုင်ငံသည် ၎င်း၏စစ်ဆေးတွေ့ရှိချက်များကို အဆိုပါနိုင်ငံများသို့ ချက်ချင်းအသိပေးရမည့်အပြင် ၎င်း၏ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးမည်၊ မကျင့်သုံးမည်ကိုလည်း ဖော်ပြရမည်။

**အပိုဒ် ၇**

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ ပိုင်နက်နယ်မြေတွင် အပိုဒ် ၄ ၌ ဖော်ပြထားသော ပြစ်မှုတစ်ခုခုကို လူပုဂ္ဂိုလ်တစ်ဦးမှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရပြီး ထိုသူအား မူရင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း မပြုလျှင် အပိုဒ် ၅ ပါပြဋ္ဌာန်းချက်များကို စဉ်းစားသုံးသပ်၍ တရားစွဲဆိုနိုင်ရန်အတွက် အခွင့်အာဏာရှိသူများထံ တင်ပြရမည်။

၂။ ထိုအခွင့်အာဏာရှိသူများသည် ဤကဲ့သို့သောအမှုများအား စီရင်ရာတွင် ၎င်းနိုင်ငံ၏ ပြည်တွင်း ဥပဒေအရ ကြီးလေးသော သဘောသဘာဝရှိသည့် သာမန်ရာဇဝတ်ပြစ်မှုမျိုးကို ကိုင်တွယ်သကဲ့သို့ စီရင်ဆုံးဖြတ်ရမည်။ ပိုဒ်ခွဲ ၅ အပိုဒ် ၂ တွင် ရည်ညွှန်းဖော်ပြထားသော ပြစ်မှုများကို တရားစွဲဆိုရန်နှင့် ပြစ်ဒဏ်ချမှတ်စီရင်ရန်အတွက် လိုအပ်သော

ခိုင်မာသည့် သက်သေအထောက်အထားများသည် ပိုဒ်ခွဲ ၅ အပိုဒ် ၁ အတွက် လိုအပ်သကဲ့သို့ဖြစ်ရမည်။

၃။ အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသော ပြစ်မှုတစ်ခုခုနှင့် ဆက်စပ်၍ တရားစွဲဆိုခံရသည့် မည်သူ့ကိုမဆို တရားစီရင်မှု အဆင့်တိုင်းတွင် မျှတသောပြုမူဆက်ဆံမှု ရရှိစေရန် အာမခံရမည်။

**အပိုဒ် ၈**

၁။ စာချုပ်အဖွဲ့ဝင်နှစ်နိုင်ငံကြား ချုပ်ဆိုထားသည့် တရားခံလွှဲအပ်ခြင်းဆိုင်ရာ မည်သည့် သဘောတူစာချုပ်တွင်မဆို အပိုဒ် ၄ တွင် ရည်ညွှန်းဖော်ပြထားသော ပြစ်မှုများကို ပြန်လည်လွှဲပြောင်းပေးရမည့် ပြစ်မှုများအဖြစ် ထည့်သွင်းမှတ်ယူရမည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နှစ်နိုင်ငံကြား တရားခံလွှဲအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်တိုင်းတွင် အထက်ပါ ပြစ်မှုများကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်သော ပြစ်မှုများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၂။ အကယ်၍ တရားခံလွှဲအပ်ခြင်းကို သီးခြားသဘောတူညီချက်ဖြင့်သာ ဆောင်ရွက်မည်ဟု ခြွင်းချက်ထားရှိသည့် စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်းနှင့် ထိုသို့သဘောတူညီချက် မရှိသော နိုင်ငံတစ်နိုင်ငံမှ တရားခံအားလွှဲအပ် ပေးရန် မေတ္တာရပ်ခံလာပါက ထိုသို့သော ပြစ်မှုများနှင့်စပ်လျဉ်း၍ ဤသဘောတူစာချုပ်ကို ဥပဒေရေးရာ အခြေခံအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ တရားခံလွှဲအပ်ခြင်းကို တောင်းခံ

လာသော နိုင်ငံ၏ ဥပဒေပါ အခြားသော အခြေအနေ များနှင့်အညီ လုပ်ဆောင်ရပါမည်။

၃။ တရားခံလွှဲအပ်ခြင်းကို သီးခြားသဘောတူညီချက် ဖြင့်သာ ဆောင်ရွက်မည်ဟု ခြွင်းချက်မထားသည့် စာချုပ်အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ထိုသို့သောပြစ်မှုများအား တရားခံလွှဲအပ်ခြင်းကို တောင်းခံလာသော နိုင်ငံ၏ ဥပဒေပါ အခြားသော အခြေအနေများနှင့်အညီ ၎င်းတို့ အချင်းချင်း ကြား လွှဲအပ်ပေးနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

၄။ စာချုပ်အဖွဲ့ဝင်နှစ်နိုင်ငံအကြား တရားခံလွှဲပြောင်း ပေးအပ်နိုင်ရန် အလို့ငှာ ဤကဲ့သို့သော ပြစ်မှုများကို ကျူးလွန်ရာ နေရာတွင်သာမက၊ အပိုဒ် ၅၊ ပိုဒ်ခွဲ ၁ နှင့်အညီ စီရင်ဆုံးဖြတ်ပိုင်ခွင့်လိုအပ်သော နိုင်ငံများ၏ တရားစီရင်ပိုင်ခွင့် နယ်မြေတွင်လည်း ကျူးလွန်ခဲ့သကဲ့သို့မှတ်ယူရမည်။

**အပိုဒ် ၉**

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အပိုဒ် ၄ တွင် ရည်ညွှန်းထားသော ပြစ်မှုများနှင့်စပ်လျဉ်းသည့် ရာဇဝတ် တရားစီရင်ရေးအတွက် လိုအပ်သော သက်သေအထောက်အထား အားလုံးကို ပေးအပ်ခြင်းအပါအဝင် အတတ်နိုင်ဆုံး အပြန်အလှန် ကူညီပေးရမည်။

၂။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ဤအပိုဒ်၏ ပိုဒ်ခွဲ(၁)ပါ ၎င်းတို့၏ တာဝန်များကို နှစ်နိုင်ငံကြားရှိနိုင်သည့် တရားစီရင် ရေးဆိုင်ရာ အပြန်အလှန် အကူအညီပေးရေး သဘောတူညီချက်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရမည်။

**အပိုဒ် ၁၀**

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် တရားဥပဒေစိုးမိုးရေးဝန်ထမ်းများ၊ အရပ်ဘက် သို့မဟုတ် စစ်ဘက်ဆိုင်ရာများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဖမ်းဆီး၊ ထိန်းသိမ်း သို့မဟုတ် အကျဉ်းချခံရသူ မည်သူမဆိုအား ထိန်းသိမ်း၊ စစ်ကြောမေးမြန်း သို့မဟုတ် ဆက်ဆံရာ တွင်ပါဝင်သည့် အခြားသူများအား သင်တန်းပေးရာတွင် ညှဉ်းပန်း နှိပ်စက်မှုတားဆီးရေး နှင့် စပ်လျဉ်းသည့် ပညာရေးနှင့် သတင်းအချက် အလက်များကို အပြည့်အဝ ထည့်သွင်း ရမည်။

၂။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် အဆိုပါလူပုဂ္ဂိုလ်မည်သူမဆို၏ တာဝန်နှင့် ဝတ္တရားများဆိုင်ရာ စည်းမျဉ်းစည်းကမ်း သို့မဟုတ် ညွှန်ကြား ချက်များထုတ်ပြန်ရာတွင် ဤတားမြစ်ချက်ကို ထည့်သွင်းရမည်။

## အပိုဒ် ၁၁

စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် မိမိ၏ တရားစီရင်ပိုင်ခွင့်နယ်မြေအတွင်း မည်သည့်နေရာ၌မဆို ညှဉ်းပန်းနှိပ်စက်မှု မှန်သမျှအား ကာကွယ်တားဆီးရန်အလို့ငှာ ဖမ်းဆီး၊ ထိန်းသိမ်း သို့မဟုတ် အကျဉ်းချခံရသူ မည်သူမဆိုအား ထိန်းသိမ်း၊ စစ်ကြောမေးမြန်း သို့မဟုတ် ဆက်ဆံရေးဆိုင်ရာ အစီအမံများ၊ စစ်ကြောမေးမြန်းမှု စည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ နည်းစနစ်များ၊ လုပ်နည်းလုပ်ဟန်များအား စနစ်တကျ ပြန်လည်သုံးသပ်နိုင်စေရမည်။

## အပိုဒ် ၁၂

စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းအနေဖြင့် ၎င်း၏ တရားစီရင်ပိုင်ခွင့်နယ်မြေအတွင်း မည်သည့်နေရာ၌မဆို ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခဲ့သည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် အခွင့်အာဏာရှိသူမှ ဘက်လိုက်မှုကင်းသော စုံစမ်းစစ်ဆေးမှုကို ချက်ချင်းလုပ်ဆောင်နိုင်စေရန် ဆောင်ရွက်ပေးရမည်။

## အပိုဒ် ၁၃

စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏တရားစီရင်ပိုင်ခွင့်နယ်မြေအတွင်း မည်သည့်နေရာ၌မဆို ညှဉ်းပန်းနှိပ်စက်ခံရသည်ဟု မြွက်ဟသူမည်သူမဆိုမှ အခွင့်အာဏာရှိသူများထံ တိုင်တန်းနိုင်စေရန်နှင့် ၎င်း၏အမှုကို ဘက်လိုက်မှု ကင်းကင်းဖြင့် ချက်ချင်းစုံစမ်းစစ်ဆေးနိုင်စေရန် ဆောင်ရွက်

ထားရမည်။ ၎င်းတို့၏ တိုင်တန်းချက်နှင့် သက်သေ ထွက်ဆိုခြင်းကြောင့် တိုင်တန်းသူနှင့် သက်သေများအား ညှဉ်းပန်းနှိပ်စက်ခံရခြင်း သို့မဟုတ် ခြိမ်းခြောက်ခံရခြင်းတို့မှ ကာကွယ်ပေးနိုင်ရန် အဆင့်ဆင့်စီမံ ဆောင်ရွက် ထားရမည်။

**အပိုဒ် ၁၄**

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ညှဉ်းပန်းနှိပ်စက်ခံရသူအတွက် တရားမျှတမှုရရှိစေရန်နှင့် ဖြစ်နိုင်သမျှ ပြည့်ဝစွာ ပြန်လည်ထူထောင်နိုင်ရေး နည်းလမ်းများအပါအဝင် မျှတ၍လုံလောက်သော လျော်ကြေးငွေ ရရှိခံစား နိုင်ရေးတို့အတွက် ၎င်း၏တရားရေးစနစ်တွင် မဖြစ်မနေ ထည့်သွင်း ရေးဆွဲ ထားရမည်။ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ထိုသူသေဆုံးခဲ့လျှင် ၎င်း၏ မိသားစုဝင်များအား လျော်ကြေးခံစားခွင့်ပေးရမည်။

၂။ ဤအပိုဒ်သည် ပြည်တွင်းဥပဒေတွင်ရှိနိုင်သည့် ညှဉ်းပန်း နှိပ်စက်ခံရသူ သို့မဟုတ် အခြားသူများ၏ လျော်ကြေးခံစားခွင့် တစ်စုံတရာ အပေါ် သက်ရောက်ခြင်း မရှိစေရ။

## အပိုဒ် ၁၅

စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ညှဉ်းပန်းနှိပ်စက်မှု၏ရလဒ်အဖြစ် ဖော်ပြထားသည့် မည်သည့် ထုတ်ပြန်ချက်ကိုမဆို ၎င်းထုတ်ပြန်ချက်အရ ညှဉ်းပန်းနှိပ်စက်သူဟု စွပ်စွဲခံရသူအား တရားစီရင်ရာတွင် သက်သေအဖြစ်မှလွဲ၍ အခြားမည်သည့် တရားစီရင်ရေးတွင်မှ သက်သေအဖြစ် ကိုးကားသုံးစွဲခြင်း မရှိစေရ။

## အပိုဒ် ၁၆

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်း၏ တရားစီရင်ပိုင်ခွင့်နယ်မြေအတွင်း မည်သည့်နေရာ၌မဆို အပိုဒ် ၁ တွင်ဖွင့်ဆို ထားသော ညှဉ်းပန်းနှိပ်စက်မှုအဓိပ္ပါယ်မမြောက်သည့် အခြားသော ရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများနှင့် ထိုသို့သောလုပ်ရပ်များကို နိုင်ငံ့ဝန်ထမ်း တစ်ဦးဦး သို့မဟုတ် အခြား တာဝန်ရှိသူတစ်ဦးဦး၏ တိုက်တွန်းချက် သို့မဟုတ် ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်ဖြင့် သို့မဟုတ် ၎င်းကိုယ်တိုင် ကျူးလွန်သောအခါတွင် ကာကွယ်တားဆီးရေး လုပ်ဆောင်ရမည်။ အထူးသဖြင့် အပိုဒ် ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များသည် အခြားသော ပုံသဏ္ဍာန်များဖြင့် ရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ရည်ညွှန်းချက်များအား ညှဉ်းပန်းနှိပ်စက်မှု ရည်ညွှန်းချက်များဖြင့် အစားထိုး သက်ရောက်စေရမည်။

၂။ ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များသည် အခြားသော မည်သည့်နိုင်ငံတကာ ဥပဒေ သို့မဟုတ် ပြည်တွင်း ဥပဒေတွင် ပြဋ္ဌာန်း ထားသည့် ရက်စက်၍လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများအား တားမြစ်ချက် သို့မဟုတ် တရားခံလွှဲအပ်ခြင်း သို့မဟုတ် နိုင်ငံမှနှင်ထုတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ အပေါ် လွှမ်းမိုးသက်ရောက်ခြင်း မရှိစေရ။

**အပိုင်း ၂**

**အပိုဒ် ၁၇**

၁။ အောက်တွင်ဖော်ပြထားသောတာဝန်များကို ထမ်းဆောင်မည့် ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးကော်မတီတစ်ရပ် (ယခုမှစ၍ကော်မတီဟု ရည်ညွှန်းမည်) ကို ဖွဲ့စည်းရမည်။ ထိုကော်မတီတွင် ကိုယ်ကျင့်တရား ကောင်းမွန်မြင့်မားပြီး လူ့အခွင့်အရေးနယ်ပယ်တွင် အသိအမှတ်ပြုခံရသည့် အရည်အချင်းရှိသော၊ ၎င်းတို့၏တစ်ဦးချင်းစွမ်းရည်ဖြင့် တာဝန်ထမ်းဆောင် မည့် ကျွမ်းကျင်သူ ၁၀ ဦးပါဝင်ရမည်။ ထိုကျွမ်းကျင်သူများကို စာချုပ် အဖွဲ့ဝင်နိုင်ငံများက ပထဝီဒေသအရ မျှတစွာ အချိုးကျပါဝင်မှု နှင့် ဥပဒေ ပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူအချို့ ပါဝင်ခြင်း၏အသုံးဝင်မှုတို့ကို စဉ်းစား သုံးသပ်ရွေးချယ်ရမည်။

၂။ ကော်မတီအဖွဲ့ဝင်များကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက တင်သွင်းသော အမည်စာရင်းပါ ပုဂ္ဂိုလ်များထဲမှ လျှို့ဝှက်မဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ၎င်း၏ နိုင်ငံသားများ အနက်မှ တစ်ဦးကို အမည်စာရင်းတင်သွင်းနိုင်သည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အရ ဖွဲ့စည်းထားသော လူ့အခွင့်အရေးကော်မတီ အဖွဲ့ဝင်များလည်း ဖြစ်ပြီး၊ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေးကော်မတီတွင် တာဝန်ထမ်းဆောင်လိုသော လူပုဂ္ဂိုလ်များကို အမည်စာရင်းတင်သွင်းခြင်း၏ အသုံးဝင်မှုကို ထည့်သွင်း စဉ်းစားရမည်။

၃။ ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဦးဆောင်သည့် စာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ နှစ်နှစ်တစ်ကြိမ် အစည်းအဝေးများ၌ ဆောင်ရွက်ရမည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံတက်ရောက်လျှင် အထမြောက်သည့် ထိုအစည်းအဝေးများ၌ ကော်မတီဝင်အဖြစ် ရွေးချယ်ခံရသူများသည် မဲအများဆုံး ရသူများဖြစ်ပြီး၊ တက်ရောက်မဲပေးသော စာချုပ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် များ၏ ထောက်ခံမဲထက်ဝက်ကျော် ရသူများဖြစ်ရမည်။

၄။ ကနဦးရွေးကောက်ပွဲကို ဤသဘောတူစာချုပ် စတင်အသက်ဝင်သည့်နေ့မှ ၆ လထက် နောက်မကျစေဘဲ ကျင်းပရမည်။ ရွေးကောက်ပွဲ မတိုင်မီအနည်းဆုံး လေးလအလိုတွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်သည် စာချုပ် အဖွဲ့ဝင် နိုင်ငံများအား သုံးလအတွင်း

၎င်းတို့၏အမည်စာရင်းများ တင်သွင်းရန် ကမ်းလှမ်းသည့်စာကို ပေးပို့ရမည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ထိုသို့အမည်စာရင်း တင်သွင်းခံရသူအားလုံးကို အက္ခရာစဉ်အလိုက် စာရင်းပြုစုပြီး ၎င်းတို့နှင့် အမည်စာရင်းတင်သွင်းသောနိုင်ငံများကို ယှဉ်တွဲဖော်ပြလျက်စာချုပ်အဖွဲ့ဝင်နိုင်ငံများသို့တင်ပြရမည်။

၅။ ကော်မတီဝင်များကို လေးနှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ရမည်။ ပြန်လည်အမည်စာရင်း တင်သွင်း ခံရပါက ၎င်းတို့သည် ပြန်လည်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။ သို့ရာတွင် ပထမအကြိမ် ရွေးကောက်ပွဲတွင်ရွေးချယ်ခံရသော ကော်မတီဝင် ၅ ဦး၏ သက်တမ်းသည် နှစ်နှစ်ပြည့်လျှင် ကုန်ဆုံးမည်ဖြစ်ပြီး၊ ပထမအကြိမ် ရွေးကောက်ပွဲပြီးပြီးခြင်း အဆိုပါကော်မတီဝင် ၅ ဦး၏ အမည်များကို ဤအပိုဒ်၏ ပိုဒ်ခွဲ ၃ တွင်ရည်ညွှန်းထားသည့်အတိုင်း အစည်းအဝေး၏သဘာပတိက မဲဖြင့်ရွေးချယ်ရမည်။

၆။ ကော်မတီဝင်တစ်ဦး ကွယ်လွန် သို့မဟုတ် နုတ်ထွက်လျှင် သို့မဟုတ် အခြားအကြောင်း တစ်စုံတရာကြောင့် ၎င်း၏ကော်မတီတာဝန်များကို ဆက်လက် ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ၎င်းအား အမည်စာရင်း တင်သွင်းသော နိုင်ငံသည် ထိုသူ၏ ကျန်ရှိသောသက်တမ်းအတွက် ၎င်း၏ နိုင်ငံသားများ အနက်မှ အခြားကျွမ်းကျင်သူတစ်ဦးကို စာချုပ်အဖွဲ့ဝင်နိုင်ငံအများစု၏ အတည်ပြုချက်ဖြင့် ခန့်အပ်ရမည်။ အဆိုပြုခန့်အပ်လွှာနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ချုပ်ထံမှ အကြောင်းကြားစာ ရရှိပြီး ရက်သတ္တ ၆ ပတ်အတွင်း တစ်ဝက် သို့မဟုတ် တစ်ဝက်

ထက်ပိုသော စာချုပ်အဖွဲ့ဝင်နိုင်ငံများက ငြင်းဆိုခြင်းမပြုလျှင် အတည်ပြုသည်ဟု မှတ်ယူရမည်။

၇။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကော်မတီဝင်များ ကော်မတီ တာဝန်ထမ်းဆောင်စဉ် ကုန်ကျစရိတ်များကို တာဝန်ယူရမည်။

**အပိုဒ် ၁၈**

၁။ ကော်မတီသည် ၎င်း၏အရာရှိများကို နှစ်နှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ရမည်။ ၎င်းတို့သည် ပြန်လည် ရွေးကောက်ခံနိုင်သည်။

၂။ ကော်မတီသည် ၎င်း၏ ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရမည်၊ သို့ရာတွင် ထိုလုပ်ထုံးလုပ်နည်းများ၌ အခြားအရာများအပြင် အောက်ပါတို့ ပါဝင်ရမည်-

(က) ကော်မတီဝင် ၆ ဦး တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ခ) ကော်မတီ၏ဆုံးဖြတ်ချက်များကို တက်ရောက်သော ကော်မတီဝင် အများစု၏ မဲဖြင့် ဆုံးဖြတ်ရမည်။

၃။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် ဤသဘောတူစာချုပ်အရ ကော်မတီ၏ လုပ်ငန်းတာဝန်များထိရောက်စွာ ထမ်းဆောင်နိုင်ရန် လိုအပ်သောဝန်ထမ်းနှင့်အထောက်အပံ့များ ပေးရမည်။

၄။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် ကော်မတီ၏ ကနဦး အစည်းအဝေးကို ဦးဆောင်ကျင်းပပေးရမည်။ ထိုကနဦး အစည်းအဝေးပြီးနောက် ကော်မတီသည် ၎င်း၏ လုပ်ထုံးလုပ်နည်း များတွင် သတ်မှတ်ထားသည့် အချိန်များအတိုင်း တွေ့ဆုံစည်းဝေးရမည်။

၅။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ဤအပိုဒ် ပိုဒ်ခွဲ ၃ အရ ကုလသမဂ္ဂမှ စိုက်ထုတ်သုံးစွဲထားသည့် ဝန်ထမ်းနှင့် အထောက်အပံ့အသုံးစရိတ် ကဲ့သို့သော မည်သည့်ကုန်ကျစရိတ်များကို မဆို ကုလသမဂ္ဂသို့ ပြန်လည်ပေးချေခြင်း အပါအဝင် စာချုပ်အဖွဲ့ဝင်နိုင်ငံများအချင်းချင်းနှင့် ကော်မတီ၏ အစည်းအဝေးများကျင်းပသည့် ကုန်ကျစရိတ်များကိုတာဝန်ယူရမည်။

## အပိုဒ် ၁၉

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကော်မတီသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှတစ်ဆင့် ဤသဘောတူစာချုပ်အရ ၎င်းတို့၏ကတိကဝတ်များအား ထိရောက်စေမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု အစီရင်ခံစာများကို သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံအတွက် ဤသဘောတူစာချုပ် စတင်အသက်ဝင်ပြီးတစ်နှစ်အတွင်း တင်သွင်းရမည်။ ထို့နောက် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် လုပ်ငန်းဆောင်ရွက်ချက် အသစ်တစ်ခုခု အတွက်

နောက်ဆက်တွဲအစီရင်ခံစာကို လေးနှစ်တစ်ကြိမ်နှင့် ကော်မတီက တောင်းဆိုနိုင်သည့်အလားတူ အခြားအစီရင်ခံစာများကို တင်သွင်းရမည်။

၂။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သည် ထိုအစီရင်ခံစာများကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ အားလုံးသို့ ပြန်လည် ဖြန့်ဝေပေးရမည်။

၃။ အစီရင်ခံစာတိုင်းကို ကော်မတီကစဉ်းစားသုံးသပ်ပြီး အစီရင်ခံစာအပေါ် သင့်တော်သည်ဟု ယူဆသည့် ယေဘုယျ သုံးသပ်ချက်များပေး၍ သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံသို့ပေးပို့ရမည်။ ထိုစာချုပ်အဖွဲ့ဝင်နိုင်ငံသည် ၎င်းရွေးချယ်သည့် မှတ်ချက်များဖြင့် ကော်မတီသို့ အကြောင်းပြန်နိုင်သည်။

၄။ ကော်မတီသည် ၎င်း၏ တာဝန်ယူမှုဖြင့် ဤအပိုဒ် ပိုဒ်ခွဲ ၃ နှင့်အညီပြုလုပ်သော မည်သည့်သုံးသပ်ချက်ကိုမဆို သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင် နိုင်ငံမှ ရရှိသော မှတ်ချက်များနှင့်အတူ အပိုဒ် ၂၄ နှင့်အညီ ရေးသားသည့် ၎င်း၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ထည့်သွင်းရန် ဆုံးဖြတ်နိုင်သည်။ သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံက တောင်းဆိုပါက ကော်မတီသည် ဤအပိုဒ်၏ပိုဒ်ခွဲ ၁ အရ တင်သွင်းသော အစီရင်ခံစာမိတ္တူတစ်စောင်ကိုလည်း ထည့်သွင်းနိုင်သည်။

**အပိုဒ် ၂၀**

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း ညှဉ်းပန်းနှိပ်စက်မှုကို စနစ်တကျကျင့်သုံးနေသည်ဟု ခိုင်လုံသည့် အထောက်အထားများ ပါဝင်သည်ဟုယူဆသော ယုံကြည်နိုင်လောက်သည့် သတင်းအချက်အလက်များကို ကော်မတီမှရရှိလျှင် ထိုသတင်းအချက်အလက်များအား စုံစမ်းစစ်ဆေးရာတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ထိုသတင်းအချက်အလက်နှင့်စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်များကို တင်ပြရန် ကော်မတီက ထိုစာချုပ်အဖွဲ့ဝင်နိုင်ငံအား ကမ်းလှမ်းရမည်။

၂။ သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံက တင်သွင်းသော လေ့လာတွေ့ရှိချက်များနှင့် အခြားရရှိနိုင်သည့် ဆက်စပ်သတင်း အချက်အလက်များကို ထည့်သွင်းစဉ်းစားပြီး၊ ကော်မတီအနေဖြင့် ကျိုးကြောင်းခိုင်လုံသည်ဟု ဆုံးဖြတ်လျှင် လျှို့ဝှက် စုံစမ်းစစ်ဆေးရန်နှင့် ကော်မတီသို့ ချက်ချင်းအစီရင်ခံတင်ပြရန် ၎င်း၏အဖွဲ့ဝင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ခန့်အပ်တာဝန်ပေးနိုင်သည်။

၃။ ဤအပိုဒ်၏ ပိုဒ်ခွဲ၂ နှင့်အညီ စုံစမ်းစစ်ဆေးမှုကိုပြုလုပ်လျှင် ကော်မတီသည် သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ ပူးပေါင်း ဆောင်ရွက်မှုကို တောင်းခံရမည်။ ထိုသို့ စုံစမ်းစစ်ဆေးမှုတွင် ထိုစာချုပ်အဖွဲ့ဝင်နိုင်ငံ၏ သဘောတူညီချက်ဖြင့် ၎င်း၏နိုင်ငံ နယ်နိမိတ်အတွင်း သွားရောက်လေ့လာနိုင်သည်။

၄။ ဤအပိုဒ်၏ပိုဒ်ခွဲ ၂ နှင့်အညီတင်သွင်းသော ၎င်း၏အဖွဲ့ဝင် သို့မဟုတ် အဖွဲ့ဝင်များ၏ တွေ့ရှိချက်များကို စစ်ဆေးပြီးနောက်

ထိုကော်မရှင်သည် အဆိုပါတွေ့ရှိချက်များအား အခြေအနေနှင့် ကိုက်ညီနိုင်သည့် သဘောထားမှတ်ချက်များ သို့မဟုတ် အကြံပြုချက် များနှင့်အတူ သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံသို့ လွှဲပြောင်းပေးရမည်။

၅။ ဤအပိုဒ်၏ပိုဒ်ခွဲ ၁ မှ ၄ အထိတွင်ဖော်ပြထားသော ကော်မတီ၏ လုပ်ငန်းစဉ်အားလုံးသည် လျှို့ဝှက်လုံခြုံမှုရှိရမည်ဖြစ်ပြီး၊ လုပ်ငန်းစဉ်အဆင့် အားလုံးတွင် စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုကို တောင်းခံရမည်။ ပိုဒ်ခွဲ ၂ နှင့်အညီပြုလုပ်သော စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ အဆိုပါလုပ်ငန်းစဉ်များ ပြီးမြောက်သည့်အခါ ကော်မတီသည် သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် အပိုဒ် ၂၄ နှင့်အညီ ရေးသားသည့် ၎င်း၏နှစ်ပတ်လည်အစီရင်ခံစာတွင် လုပ်ငန်းစဉ်များ၏ ရလဒ်များအနစ်ချုပ်ကို ထည့်သွင်းရန်ဆုံးဖြတ်နိုင်သည်။

**အပိုဒ် ၂၁**

၁။ ဤသဘောတူစာချုပ်၏ စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ အခြား စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤသဘောတူစာချုပ်ပါ တာဝန် ဝတ္တရား များအား ဖြည့်ဆည်းဆောင်ရွက်ခြင်းမရှိဟု အဓိပ္ပါယ်သက်ရောက်စေသော တိုင်ကြားမှုများကို လက်ခံရန်နှင့်ထည့်သွင်းစဉ်းစားရန် ကော်မတီ၏ အခွင့် အာဏာရှိမှုကို အသိအမှတ်ပြုကြောင်း ဤအပိုဒ်အရ မည်သည့် အချိန်တွင်မဆို ထုတ်ပြန်ကြေညာနိုင်သည်။ အဆိုပါတိုင်ကြားမှုများအား ကော်မတီ၏ အခွင့်အာဏာရှိမှုကို အသိအမှတ်ပြုကြောင်း ထုတ်ပြန်

ကြေညာထားသည့် စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက တင်ပြလာမှသာ ဤအပိုဒ်တွင် ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ လက်ခံစဉ်းစား သုံးသပ်နိုင်သည်။ ထိုသို့ထုတ်ပြန်ကြေညာထားခြင်း မရှိသည့် စာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်ပါက ဤအပိုဒ်အရ ကော်မတီမှ တိုင်ကြားမှုကို လက်ခံ စဉ်းစားမည် မဟုတ်ပါ။ ဤအပိုဒ်အရ လက်ခံရရှိသော တိုင်ကြားမှုများအား အောက်ပါလုပ်ငန်းစဉ်များအတိုင်း ကိုင်တွယ်ဖြေရှင်းရမည်။

(က) အကယ်၍စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ အခြားစာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံသည် ဤသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အသက်ဝင်စေခြင်း မရှိဟုယူဆပါက ၎င်းသည် ထိုကိစ္စကို အဆိုပါနိုင်ငံ သိရှိစေရန် စာဖြင့်အကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားချက် ကို ရရှိပြီးနောက် (၃) လအတွင်း လက်ခံရရှိသည့်နိုင်ငံသည် အကြောင်း ကြားစာ ပေးပို့သည့်နိုင်ငံအား ထိုကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်နိုင် သမျှနှင့် သက်ဆိုင်သမျှ အတိုင်းအတာအားဖြင့် ပြည်တွင်းလုပ်ထုံး လုပ်နည်း များနှင့် ဆောင်ရွက်လျက်ရှိသည့်၊ မပြီးပြတ်သေးသည့် သို့မဟုတ် ဖြစ်နိုင်သည့် ကုစားမှုများအပါအဝင် ဖြေရှင်းချက် သို့မဟုတ် ထိုကိစ္စအပေါ် ရှင်းလင်း သည့် အခြား ထုတ်ပြန်ကြေညာချက်ကို ပေးပို့ရမည်။

(ခ) ကနဦးအကြောင်းကြားမှုကို လက်ခံရရှိသည့်နိုင်ငံက လက်ခံရရှိပြီး နောက် (၆)လအတွင်း သက်ဆိုင်ရာ နိုင်ငံနှစ်နိုင်ငံ စလုံးသည် ထိုကိစ္စ အပေါ် စိတ်ကျေနပ်သည်အထိ ညှိနှိုင်း၍မရပါက ၎င်းတို့အနက် တစ်နိုင် နိုင်ငံမှ ကော်မတီထံသို့ လည်းကောင်း၊ အခြားနိုင်ငံသို့လည်းကောင်း အကြောင်းကြားစာပေးပို့ပြီး ယင်းကိစ္စအား ကော်မတီထံသို့ လွှဲပြောင်း ပိုင်ခွင့် ရှိရမည်။

(ဂ) ကော်မတီသည် ၎င်းထံသို့ လွှဲပြောင်းပေးလာသော ကိစ္စရပ်တစ်ခုအား နိုင်ငံတွင်း ကုစားဆောင်ရွက်မှုအားလုံးကို ဥပဒေအရ ကုန်စင်အောင်ဆောင်ရွက်ပြီးကြောင်း ခိုင်လုံမှသာလျှင် ယေဘုယျ အသိအမှတ်ပြုလက်ခံထားသော အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံမူများနှင့်အညီ ဤအပိုဒ်အရ ဖြေရှင်းဆောင်ရွက်ရမည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် ကုစားပေးရန် လျှောက်ထားခြင်းကို ကျိုးကြောင်းမခိုင်လုံဘဲ အချိန်ဆွဲထားခဲ့ခြင်း သို့မဟုတ် ဤသဘောတူစာချုပ်အား ချိုးဖောက်၍ ကျူးလွန်ခံရသူလူပုဂ္ဂိုလ်အတွက် ထိရောက်သောကုစားမှု မရနိုင်ခြင်း တို့အတွက် အသုံးချသည့် စည်းမျဉ်း မဖြစ်စေရ။

(ဃ) ဤအပိုဒ်အရ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း ကော်မတီသည် တံခါးပိတ် အစည်းအဝေးများ ပြုလုပ်ရမည်။

(င) ကော်မတီသည် အပိုဒ်ခွဲ (င) ပါပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံများအား ဤသဘောတူ စာချုပ်ပါ တာဝန်ဝတ္တရားများကိုလေးစားလိုက်နာသည့် အခြေခံဖြင့် ထိုကိစ္စရပ်အပေါ် နှစ်ဦးနှစ်ဖက် အကျိုးရှိစေသော အဖြေရရှိရေးကို ရှေးရှု၍ ကြားဝင်ညှိနှိုင်းပေးရန် အခွင့်အလမ်းကို ရရှိစေရမည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီသည် သင့်လျော်မည့်အချိန်တွင် သီးခြားစေ့စပ်ညှိနှိုင်းရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။

(စ) ကော်မတီသည် ဤအပိုဒ်အရ ၎င်းထံသို့လွှဲပြောင်းပေးသော မည်သည့်ကိစ္စရပ်အတွက်မဆို အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသည့်

သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံများထံမှ စပ်ဆိုင်သည့် မည်သည့် သတင်းအချက်အလက်ကိုမဆို တောင်းခံနိုင်သည်။

(ဆ) ကော်မတီက ထိုကိစ္စရပ်အား ကြားနာချိန်တွင် အပိုဒ်ခွဲ (ခ) တွင်ဖော်ပြထားသည့် သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံ များအနေဖြင့် တက်ရောက်ခွင့်ရှိရမည်ဖြစ်ပြီး နှုတ်အားဖြင့် သို့မဟုတ် စာအားဖြင့် တင်ပြခွင့်ရှိရမည်။

(ဇ) ကော်မတီသည် အပိုဒ်ခွဲ(ခ) အရ ပေးပို့သော အကြောင်းကြားစာအား လက်ခံရရှိသည့်နေ့မှစ၍ (၁၂)လအတွင်း အစီရင်ခံစာ တစ်စောင်ကို တင်သွင်းရမည်။

(၁) အပိုဒ်ခွဲ (င) ပါ သတ်မှတ်ချက်များအတွင်း အဖြေတစ်ရပ် ရရှိပါက ကော်မတီသည် ၎င်း၏အစီရင်ခံစာတွင် အချက်အလက် နှင့် ဖြေရှင်းချက် အကျဉ်းချုပ်တို့ကိုသာ ဖော်ပြရမည်။

(၂)အပိုဒ်ခွဲ (င) ပါ သတ်မှတ်ချက်များအတွင်း အဖြေတစ်ရပ် မရရှိပါက ကော်မတီသည် အချက်အလက် အကျဉ်းချုပ်အား အစီရင်ခံစာတွင် ဖော်ပြရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာစာချုပ် အဖွဲ့ဝင် နိုင်ငံများက ရေးသားတင်သွင်း ချက်များနှင့် နှုတ်ဖြင့် တင်သွင်း ချက် အသံသွင်းမှတ်တမ်းများအား ၎င်းအစီရင်ခံစာနှင့် အတူ ပူးတွဲ၍ တင်သွင်းရမည်။

ကိစ္စရပ်တိုင်းတွင် အစီရင်ခံစာအား သက်ဆိုင်ရာစာချုပ်အဖွဲ့ဝင်နိုင်ငံများသို့ ပေးပို့ရမည်။

၂။ ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များသည် ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသောနိုင်ငံ (၅) နိုင်ငံက ဤအပိုဒ်၏ ပိုဒ်ခွဲ (၁) အရ ထုတ်ပြန်ကြေညာပြီးနောက်တွင် စတင်အသက်ဝင်ရမည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်များကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့အပ်နှံရမည်ဖြစ်ပြီး၊ ၎င်းက ယင်းထုတ်ပြန် ကြေညာချက်မိတ္တူများအား အခြားစာချုပ်အဖွဲ့ဝင် နိုင်ငံများထံသို့ ပေးပို့ရမည်။ အထွေထွေအတွင်းရေးမှူးချုပ်ထံအကြောင်းကြား စာပေးပို့ပြီး ထုတ်ပြန်ကြေညာချက်အား မည်သည့် အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ထိုသို့ရုပ်သိမ်းမှုသည် ဤအပိုဒ်အရ လွှဲပြောင်းပေးထားပြီးဖြစ်သော တိုင်ကြားမှုတစ်ခုခုအပေါ် စဉ်းစားသုံးသပ် နေမှုအား လွှမ်းမိုးသက်ရောက်မှု မရှိစေရ။ စာချုပ်အဖွဲ့ဝင်နိုင်ငံအနေဖြင့် နောက်တစ်ဖန်ထုတ်ပြန်ကြေညာချက် မရှိလျှင် အထွေထွေအတွင်းရေးမှူး ချုပ်သည် ထုတ်ပြန်ကြေညာချက်အား ရုပ်သိမ်းကြောင်း အကြောင်းကြားစာ ကို လက်ခံရရှိပြီးနောက်တွင် ဤအပိုဒ်အရ မည်သည့် စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ ထပ်မံတိုင်ကြားမှုကိုမှ လက်ခံခြင်းမပြုရ။

## အပိုဒ် ၂၂

၁။ ဤသဘောတူစာချုပ်၏ စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအား စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ ချိုးဖောက်ခြင်းကို ခံနေရသူများဖြစ်ပါသည်ဟု ၎င်း၏စီရင်ပိုင်ခွင့်အရ တိုင်ကြားလာသည့် တစ်ဦးချင်း စီထံမှ သို့မဟုတ် ကိုယ်စား တိုင်ကြားမှုများအား ကော်မတီက လက်ခံရန်နှင့်ကြားနာရန် ကော်မတီတွင် အခွင့်အာဏာရှိသည်ဟု အသိအမှတ်ပြုကြောင်း မည်သည့်အချိန်တွင်မဆို ထုတ်ပြန်ကြေညာနိုင်သည်။ စာချုပ်အဖွဲ့ဝင် နိုင်ငံက ထိုကဲ့သို့ ထုတ်ပြန် ကြေညာမထားလျှင် ကော်မတီအနေဖြင့်တိုင်ကြားမှုကိုလက်ခံခြင်းမပြုရ။

၂။ ဤစာချုပ်အရ အမည်ဖော်ပြထားခြင်းမရှိသော သို့မဟုတ် ထိုသို့ တိုင်ကြားပိုင်ခွင့်ကို အလွဲသုံးစားပြုထားသည်ဟု ယူဆသော သို့မဟုတ် ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော မည်သည့် တိုင်ကြားမှုကိုမဆို ကော်မတီက လက်မခံကြောင်း သုံးသပ် ဆုံးဖြတ်နိုင်သည်။

၃။ အပိုဒ် (၂) ပါ ပြဋ္ဌာန်းချက်များအရ၊ ကော်မတီသည် ဤအပိုဒ်အရ ၎င်းထံသို့တင်ပြသည့် မည်သည့်တိုင်ကြားမှုကိုမဆို ပိုဒ်ခွဲ (၁) အရ ထုတ်ပြန်ကြေညာထားပြီး၊ စာချုပ်ပါပြဋ္ဌာန်းချက် တစ်စုံတရာအား ချိုးဖောက်နေသည်ဟု စွပ်စွဲခံရသည့် စာချုပ်အဖွဲ့ဝင်နိုင်ငံများအား အသိပေး အကြောင်းကြားရမည်။ ထိုအကြောင်းကြားစာကို လက်ခံရရှိသော နိုင်ငံသည် ထိုကိစ္စရပ်နှင့် စပ်လျဉ်းသည့် ဖြေရှင်းချက် သို့မဟုတ် ရှင်းလင်းချက်နှင့် အဆိုပါနိုင်ငံအနေဖြင့် ကုစားဆောင်ရွက်မှု တစ်စုံ

တရာရှိခဲ့လျှင် ထိုကုစားမှုတို့ကို ကော်မတီထံသို့ ခြောက်လအတွင်း စာဖြင့် ရေးသားတင်ပြရမည်။

၄။ ကော်မတီသည် ဤအပိုဒ်အရ လက်ခံရရှိသော တိုင်ကြားမှုများအား တစ်ဦးချင်းစီကိုယ်တိုင် သို့မဟုတ် ကိုယ်စားနှင့် သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံမှ ပေးသည့်သတင်းအချက်အလက်များ အားလုံးအပေါ် မူတည်၍ စဉ်းစားသုံးသပ်ရမည်။

၅။ ကော်မတီသည် အောက်ပါအချက်များအား ခိုင်လုံသည်ဟု အတည်မပြုနိုင်လျှင် တစ်ဦး တစ်ယောက်ထံမှ မည်သည့်တိုင်ကြားမှုကိုမဆို ဤစာချုပ်အရ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

(က) အဆိုပါကိစ္စရပ်အား အခြား နိုင်ငံတကာစုံစမ်းစစ်ဆေးရေး သို့မဟုတ် ဖြေရှင်းရေး လုပ်ထုံးလုပ်နည်းများဖြင့် စစ်ဆေးခဲ့ခြင်း သို့မဟုတ် စစ်ဆေးနေခြင်း မရှိကြောင်း၊

(ခ) ကုစားပေးရန် လျှောက်ထားခြင်းကို ကျိုးကြောင်းမခိုင်လုံဘဲ အချိန်ဆွဲထားခဲ့ခြင်း သို့မဟုတ် ဤသဘောတူစာချုပ်အား ချိုးဖောက်၍ ကျူးလွန်ခံရသူ လူပုဂ္ဂိုလ်အတွက် ထိရောက်သောကုစားမှု မရနိုင်ခြင်း စသည်တို့အတွက် အသုံးချသည့် စည်းမျဉ်း မဖြစ်စေပဲ၊ အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတွင်း ရနိုင်သည့် ကုစားမှုများအားလုံး ဥပဒေအရကုန်စင်အောင် ဆောင်ရွက်ပြီး ဖြစ်ကြောင်း၊

၆။ ဤအပိုဒ်အရ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးနေစဉ်အတွင်း ကော်မတီသည် တံခါးပိတ်အစည်းအဝေးများ ပြုလုပ်ရမည်။

၇။ ကော်မတီသည် ၎င်း၏ ထင်မြင်ယူဆချက်များကို သက်ဆိုင်ရာ စာချုပ်အဖွဲ့ဝင်နိုင်ငံသို့လည်းကောင်း၊ အဆိုပါ လူပုဂ္ဂိုလ်ထံသို့ လည်းကောင်း ပေးပို့ရမည်။

၈။ ဤအပိုဒ်ပါ ပြဋ္ဌာန်းချက်များသည် ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသောနိုင်ငံ (၅) နိုင်ငံက ဤအပိုဒ်၏ ပိုဒ်ခွဲ (၁) အရ ထုတ်ပြန်ကြေညာပြီးနောက်တွင် စတင်အသက်ဝင်ရမည်။ အဆိုပါ ထုတ်ပြန်ကြေညာချက်များကို စာချုပ်အဖွဲ့ဝင်နိုင်ငံများက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့အပ်နှံပြီးနောက် ၎င်းက ယင်းထုတ်ပြန် ကြေညာချက်မိတ္တူများအား အခြားစာချုပ်အဖွဲ့ဝင် နိုင်ငံများ ထံသို့ ပေးပို့ရမည်။ အထွေထွေအတွင်းရေးမှူးချုပ်ထံ အကြောင်း ကြားစာပေးပို့ပြီး ထုတ်ပြန်ကြေညာချက်အား မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်း နိုင်သည်။ ထိုသို့ ရုပ်သိမ်းမှုသည် ဤအပိုဒ်အရ လွှဲပြောင်းပေးထား ပြီးဖြစ်သော တိုင်ကြားမှု တစ်ခုခုအပေါ် စဉ်းစားသုံးသပ်နေမှုအား လွှမ်းမိုး သက်ရောက်မှုမရှိစေရ။ စာချုပ်အဖွဲ့ဝင်နိုင်ငံအနေဖြင့် နောက်တစ်ဖန် ထုတ်ပြန်ကြေညာချက် မရှိလျှင် အထွေထွေ အတွင်းရေးမှူးချုပ်သည် ထုတ်ပြန်ကြေညာချက်အား ရုပ်သိမ်းကြောင်း အကြောင်းကြားစာကို လက်ခံရရှိပြီးနောက်တွင် ဤအပိုဒ်အရ မည်သည့်စာချုပ်အဖွဲ့ဝင်နိုင်ငံ၏ ထပ်မံတိုင်ကြားမှုကိုမှ လက်ခံခြင်းမပြုရ။

## အပိုဒ် ၂၃

ကော်မတီဝင်များနှင့် အပိုဒ် ၂၁၊ ပိုဒ်ခွဲ ၁(င) အရ ခန့်အပ်တာဝန်ပေးနိုင်သည့် သီးခြားစေ့စပ်ညှိနှိုင်းရေး ကော်မရှင်များ၏ အဖွဲ့ဝင်များသည် ကုလသမဂ္ဂ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ သဘောတူစာချုပ်၏ သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် ဖော်ပြထားသည့် ကုလသမဂ္ဂအတွက် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကျွမ်းကျင်သူများ၏ အဆောင်အယောင်၊ အထူးခံစားခွင့်နှင့် ကင်းလွတ်ခွင့်များကို ခံစားခွင့်ရှိစေရမည်။

## အပိုဒ် ၂၄

ကော်မတီသည် ဤသဘောတူစာချုပ်နှင့်အညီ ၎င်း၏လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းသည့် နှစ်စဉ်အစီရင်ခံစာကို စာချုပ်အဖွဲ့ဝင်နိုင်ငံများ ထံသို့လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံသို့လည်းကောင်း တင်သွင်းရမည်။

**အပိုင်း ၃**

**အပိုဒ် ၂၅**

၁။ ဤသဘောတူစာချုပ်တွင် နိုင်ငံအားလုံး လက်မှတ်ရေးထိုးရန် လမ်းဖွင့်ပေးထားသည်။

၂။ ဤသဘောတူစာချုပ်ကို အတည်ပြုချုပ်ဆိုရသည်။ အတည်ပြုချုပ်ဆိုထားသည့် စာချုပ်များကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံအပ်နှံရမည်။

**အပိုဒ် ၂၆**

ဤသဘောတူစာချုပ်ကို နိုင်ငံအားလုံးထပ်တိုးအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးချုပ်ဆိုရန် လမ်းဖွင့်ပေးထားသည်။ ထပ်တိုးအဖွဲ့ဝင်အဖြစ်လက်မှတ်ရေးထိုးခြင်းဆိုင်ရာ တရားဝင်စာချုပ်ကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံ အပ်နှံခြင်းဖြင့်ထပ်တိုးအဖွဲ့ဝင်အဖြစ် သက်ရောက်စေရမည်။

## အပိုဒ် ၂၇

၁။ အခု (၂၀) မြောက်အတည်ပြုလက်မှတ်ရေးထိုးသည့် စာချုပ် သို့မဟုတ် ထပ်တိုးအဖွဲ့ဝင်အဖြစ်ပါဝင်လက်မှတ်ရေးထိုး သည့် စာချုပ်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့အပ်နှံသည့် နေ့မှစ၍ ရက်ပေါင်း (၃၀) ပြည့်သည့် နေ့တွင် ဤသဘောတူစာချုပ် စတင်အသက် ဝင်မည်။

၂။ အခု (၂၀) မြောက် အတည်ပြုလက်မှတ်ရေးထိုးသည့်စာချုပ် သို့မဟုတ် ထပ်တိုးအဖွဲ့ဝင် အဖြစ်ပါဝင်လက်မှတ် ရေးထိုးသည့်စာချုပ်ကို ပေးပို့အပ်နှံပြီးသည့်နောက်၊ ဤသဘောတူစာချုပ်ကို အတည်ပြု လက်မှတ် ရေးထိုးသည့် သို့မဟုတ် ထပ်တိုးအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးသည့် နိုင်ငံတစ်နိုင်ငံချင်းစီအတွက် မိမိတို့၏ အတည်ပြု လက်မှတ်ရေးထိုးသည့် စာချုပ် သို့မဟုတ် ထပ်တိုးအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးသည့်စာချုပ်ကို ပေးပို့အပ်နှံသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) ပြည့်သည့်နေ့တွင် ဤသဘောတူစာချုပ် စတင်အသက်ဝင်စေရမည်။

## အပိုဒ် ၂၈

၁။ နိုင်ငံတစ်နိုင်ငံချင်းစီသည် ဤသဘောတူစာချုပ်ကို လက်မှတ် ရေးထိုးသောအခါ သို့မဟုတ် အတည်ပြုသောအခါ သို့မဟုတ် ထပ်တိုး အဖွဲ့ဝင်ဖြစ်ရန် သဘောတူသောအခါ ထိုနိုင်ငံတစ်နိုင်ငံချင်းသည် အပိုဒ် ၂၀ တွင် ပြဋ္ဌာန်းထားသော ကော်မတီ၏ လုပ်ပိုင်ခွင့်ကို အသိအမှတ် မပြုကြောင်း ကြေညာနိုင်သည်။

၂။ ဤအပိုဒ်၏ ပိုဒ်ခွဲ ၁ အရ ခြွင်းချက်တစ်ခု ပြုလုပ်ထားသော စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ အကြောင်းကြားခြင်းအားဖြင့် မည်သည့်အချိန်တွင်မဆို ၎င်းခြွင်းချက်ကို ရုပ်သိမ်းနိုင်သည်။

## အပိုဒ် ၂၉

၁။ ဤသဘောတူစာချုပ်ရေးထိုးထားသော မည်သည့်နိုင်ငံမဆိုသည် စာချုပ်ကို ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုနိုင်ပြီး ၎င်းကိုကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တင်သွင်းနိုင်သည်။ ထိုအခါ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် အဆိုပါပြင်ဆင် ဖြည့်စွက်ချက်အပေါ် စဉ်းစားရန်နှင့် မဲခွဲရန် ဤသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ညီလာခံတစ်ရပ် ကျင်းပလိုခြင်းရှိမရှိ ၎င်းထံသို့ပြန်ကြားရန် မေတ္တာရပ်ခံချက်ဖြင့် ဤစာချုပ်လက်မှတ်ရေးထိုးထားသော နိုင်ငံများသို့ ပေးပို့ရမည်။ ထိုသို့စာပေးပို့သောနေ့မှစ၍ လေးလအတွင်း စာချုပ်အဖွဲ့ဝင် နိုင်ငံများ၏ အနည်းဆုံး ၃ ပုံ ၁ ပုံက ညီလာခံကျင်းပလိုသည်ဟုဆိုလျှင် ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် အထွေထွေအတွင်းရေးမှူးချုပ်သည် ညီလာခံကို ကျင်းပပေးရမည်။ ညီလာခံတက်ရောက်သော စာချုပ်အဖွဲ့ဝင် နိုင်ငံအများစု၏ မဲခွဲဆုံးဖြတ်ချက်ဖြင့် အတည်ပြုထားသော ပြင်ဆင် ဖြည့်စွက်ချက်ကို အထွေထွေအတွင်းရေးမှူးချုပ်သည် စာချုပ်အဖွဲ့ဝင်နိုင်ငံ များအားလုံး သိရှိလက်ခံနိုင်ရန် ဖြန့်ဝေပေးရမည်။

၂။ ဤအပိုဒ်၏ ပိုဒ်ခွဲ ၁ နှင့်အညီ အတည်ပြုခဲ့သော ပြင်ဆင်ဖြည့်စွက်ချက်တစ်ခုသည် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၃ ပုံ ၂ ပုံ မှ ၎င်းတို့၏ သက်ဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေ လုပ်ငန်းစဉ်များနှင့် ကိုက်ညီသဖြင့် လက်ခံသည်ဟု အထွေထွေ အတွင်းရေးမှူးချုပ်ထံသို့ အကြောင်းကြားစာပေးပို့သောအခါတွင် ပြင်ဆင်ဖြည့်စွက်ချက်သည် အသက်ဝင်သည်။

၃။ ပြင်ဆင်ဖြည့်စွက်ချက် အသက်ဝင်ပြီးသောအခါ ပြင်ဆင်ဖြည့်စွက်ချက်ကို လက်ခံသည့် စာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ၎င်းကို လိုက်နာရန် တာဝန်ရှိပြီး၊ အခြားသော စာချုပ်အဖွဲ့ဝင် နိုင်ငံများအနေဖြင့်လည်း ၎င်းတို့ယခင် သဘောတူလက်ခံထားခဲ့သော မည်သည့် ပြင်ဆင်ဖြည့်စွက်ချက်များမဆို နှင့် ဤစာချုပ်ပါပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။

## အပိုဒ် ၃၀

၁။ ဤသဘောတူညီချက်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း သို့မဟုတ် ကျင့်သုံးခြင်းနှင့်ပတ်သက်၍ စာချုပ်အဖွဲ့ဝင် နှစ်နိုင်ငံ သို့မဟုတ် ထို့ထက်ပိုသောနိုင်ငံများအကြား စေ့စပ်ညှိနှိုင်းမှုဖြင့် ဖြေရှင်း၍မရသော မည်သည့် အငြင်းပွားမှုကိုမဆို ၎င်းတို့ တစ်ဦးဦး၏ မေတ္တာရပ်ခံချက်ဖြင့် ခုံသမာဓိစီရင်ဆုံးဖြတ်မှုသို့ တင်သွင်းရမည်။ ခုံသမာဓိစီရင်ဆုံးဖြတ်မှု တောင်းခံသောနေ့ရက်မှ ၆ လအတွင်း ခုံသမာဓိဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ စာချုပ်အဖွဲ့ဝင်နိုင်ငံများ သဘောတူညီမှုမရလျှင်၊ ထိုစာချုပ် အဖွဲ့ဝင်နိုင်ငံများအနက်မည်သည့်နိုင်ငံမဆို အငြင်းပွားမှုကိုနိုင်ငံတကာတရားရုံးသို့ တရားရုံး၏ ပြဋ္ဌာန်းဥပဒေနှင့်အညီတောင်းဆိုခြင်းဖြင့် လွှဲပြောင်းပေးနိုင်သည်။

